**သမတအိမ်တော်၊ ရန်ကုန်မြို့**

**၁၉၅၂ ခုနှစ်၊ ကရင်ပြည်နယ် (အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၏ လစာနှင့်စရိတ်ကြေးငွေ) အက်ဥပဒေ**

**[၁၉၅၂ ခုနှစ်၊ ကရင်ပြည်နယ် အက်ဥပဒေ အမှတ် ၂]**

**၁၃၁၄ ခု၊ ဝါဆိုလဆန်း ၄ ရက်။**

**(၁၉၅၂ ခု၊ ဇွန်လ ၂၅ ရက်။)**

**[ ပြင်ဆင် : 23.08.1954 ]**

ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ၊ အောက်ဖော်ပြပါ အက်ဥပဒေကို ထုတ်ပြန်ကြေ ညာသည်။

အောက်ပါအတိုင်း အက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

၁။ ။ (၁) ဤအက်ဥပဒေကို **၁၉၅၂ ခုနှစ်၊ ကရင်ပြည်နယ် (အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၏လစာနှင့် စရိတ်ကြေးငွေ) အက်ဥပဒေ**ဟု ခေါ်ရမည်။

(၂) ဤအက်ဥပဒေသည် ၁၉၅၂ ခုနှစ်၊ မတ်လ ၃ ရက်နေ့မှစ၍ အာဏာတည်သည်ဟု မှတ်ယူရမည်။

၂။ ။ (က) ကရင်ပြည်နယ် အစိုးရအဖွဲ့ဝင်ဝန်ကြီးအသီးသီးအား လစဉ် လစာငွေ ၁,၁၀၀ကျပ် (တထောင့်တရာကျပ်) ပေးရမည်။

(ခ) ကရင်ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးအသီးသီးတို့အား၊ နေအိမ်အစား တလလျှင် စရိတ်ငွေကျပ် ၁၅၀ (တရာ့ငါးဆယ်ကျပ်) စီပေးရမည်။ ယာဉ်ရထားတစီးစီကိုလည်း လိုအပ်သောစရိတ်နှင့် တကွ အခမဲ့ သုံးပိုင်ခွင့်ပေးရမည်။

(ဂ) ကရင်ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးတဦးဦးသည်၊ ပါရဂူအဖြစ်ဖြင့် ကရင်ပြည်နယ်ကောင်စီ အမတ်မဟုတ်သူများထဲမှ ရွေးချယ်ခန့်အပ်ခြင်းဖြစ်လျှင်၊ ၎င်းအား အထက်ပါ ပုဒ်မခွဲ (က)၊ (ခ) အရ၊ ပေးရသောငွေများမှအပ လစဉ်ပါရဂူစရိတ် ၃၅၀ကျပ် (သုံးရာ့ငါးဆယ်ကျပ်) စီပေးရန် ကရင်ပြည်နယ် ဥက္ကဋ္ဌက အမိန့်ချနိုင်ခွင့်ရှိသည်။

(ဃ) ကရင်ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများသည်၊ ကရင်ပြည်နယ်ဥက္ကဋ္ဌ၏ ညွှန်ကြားချက်အရ၊ ပြည်သူအကျိုးအတွက်သော်၎င်း၊ ပြည်နယ်အစိုးရကိစ္စနှင့်သော်၎င်း၊ နယ်လှည့်ခရီးထွက်ရသည့်အခါ နေ့တွက်စရိတ်ကိုဖြစ်စေ၊ ရပ်နားစရိတ်ကိုဖြစ်စေ၊ ခရီးစရိတ်ကိုဖြစ်စေ မြန်မာနိုင်ငံတော် ခရီးစရိတ် နည်းဥပဒေများအရ ရယူခွင့် ရှိသည်။

<ပြင်ဆင် 23.08.1954>

၃။ ။ ကရင်ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးတဦးဦးသည်၊ ကရင်ပြည်နယ် ကောင်စီအမတ်များထဲမှ ရွေးချယ်ခန့်အပ်ထားခြင်းဖြစ်လျှင်၊ ၎င်းသည် မိမိရာထူးလက်ရှိကာလအတွင်းတွင်၊ ကရင်ပြည်နယ် အစိုးရအဖွဲ့ဝန်ကြီး၏ ရာထူးဆိုင်ရာတာဝန်ဝတ်တရားများကို ဆောင်ရွက်အပ်သည်မှတပါး အတတ် ပညာဖြင့်ဥစ္စာရှာသော မည်သည့်အသက်မွေးမှုမျိုးကိုမျှမပြုရ၊ သို့တည်းမဟုတ် မည်သည့် အလုပ်အကိုင် ကုန်သွယ်ရောင်းဝယ်မှု၌မျှ ပါဝင်လုပ်ကိုင်ခြင်းမပြုရ၊ သို့တည်းမဟုတ် မည်သည့် အလုပ်အကိုင်မျိုးကိုမျှ အခကြေးငွေ ဥစ္စာအတွက်လုပ်ကိုင်ဆောင်ရွက်ခြင်းမပြုရ။

ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ၊ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

ဦးဘဦး၊
နိုင်ငံတော်သမတ၊
ပြည်ထောင်စုမြန်မာနိုင်ငံတော်။

ရန်ကုန်မြို့၊ ၁၃၁၄ ခု၊ ဝါဆိုလဆန်း ၄ ရက်။
(၁၉၅၂ ခု၊ ဇွန်လ ၂၅ ရက်။)

အမိန့်အရ၊
ပါစိန်၊
နိုင်ငံတော်သမတအတွင်းဝန်။
[အမှတ် ၄၈]